# ကျနော်တို့ ဘက်ကကော ဘာတွေ လုပ်နေပါသလဲ။

အခြေအနေကတော့ အားလုံး သိတဲ့ အတိုင်းပါဘဲ။ နအဖ ဘက်ကတော့ ပြင်ဆင်စရာ ရှိတာ ပြင်ဆင်ထားပြီး မေ ဆန္ဒခံယူပွဲကို မဖြစ်ဖြစ်အောင် လုပ်မယ်ဆိုတဲ့ အနေအထားတွေကို ခိုင်ခိုင်မာမာ တွေ့နေရပါတယ်။ ကောင်းပြီ၊ နအဖ ဘက်က အကြီးအကျယ် ပြင်ဆင်နေတဲ့ အချိန်မှာ ဒီမိုကရေစီ အင်အားစုတွေဘက်ကကော ဘာတွေ လုပ်နေသလဲ၊ တခု သတိထားမိတာကတော့ ကျနော်တို့ဘက်မှာ မဲရုံကို သွားပြီး ကန့်ကွက်မဲ ပေးရေး၊ ဒါမှမဟုတ် မဲရုံကို လုံးဝမသွားဘဲ၊ အိမ်မှာဘဲ နေပြီး ရှောင်လွှဲရေးဆိုတဲ့ မူတွေပေါ်မှာ စည်းရုံး လှုံ့ဆော်မှုတွေကို လုပ်နေတာ တွေ့နေရပါတယ်။ ဒါလဲ မလုပ်မဖြစ်လို့ လုပ်ရမယ် ဆိုတဲ့ အနေအထားမှာ ရှိနေတာမို့ လုပ်နေတာတွေ အားလုံးကို အပြည့်အဝ ထောက်ခံ ပါတယ်။ ထိရောက်မလား၊ မထိရောက်ဘူးလားဆိုတာတော့ အခြေအနေတွေက စကား ပြောလာတော့မှာပါ။

ဘာမဆို ကလိန်ကကျစ် ကြိုတင်ပြင်ဆင်မှုနဲ့ လုပ်တတ်တဲ့ နအဖဟာ သူ့အင်အား တွေကို အကြီးအကျယ်တည်ဆောက်နေပြီး မြေပေါ်၊ မြေအောက်၊ ပြည်တွင်း၊ ပြည်ပ နိုင်ငံ ရေးအင်အားစုတွေ အားလုံးကို စိန်ခေါ်နေပါတယ်။ ကျနော်တို့ ဘက်ကကော ဘာတွေ လုပ်နေပါသလဲ။ တလောက ပြည်ပမှာ အင်အားကောင်းတဲ့၊ တိုင်းရင်းသား ခေါင်းဆောင် ကြီးတွေ ပါဝင်တဲ့ ဖက်ဒရယ် အစိုးရဖွဲ့စည်းရေးမူနဲ့ ဒါမှမဟုတ် လက်ရှိ အမျိုးသားညွန့် ပေါင်း အစိုးရကို ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းရေးဆိုပြီး အသံတွေ ထွက်လာတာ တွေ့ရပါတယ်။ လက်တွေ့မှာတော့ တပ်ပေါင်းစုအဖွဲ့မှာ အရေးပါတဲ့ တာဝန်ယူထားသူတဦးကို ပုဂ္ဂိုလ်ရေး အရ မယုံကြည်သလိုလို ဘာလိုလို၊ ပြီး(၉၀)ခုနှစ်ရွေးကောက်ပွဲ ရလာဒ်ကို လုံးဝ လက်မလွှတ်ရေးမူတွေ အပေါ်မှာ ခိုင်ခိုင်မြဲမြဲ ရပ်တည်မယ်ဆိုတဲ့ အပြောတွေ၊ သဘောထား တွေ နောက်မှာ ဘာမှ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်မလာတာ တွေ့ရပါတယ်။

နိုင်ငံတကာ စာမျက်နှာမှာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဆင့်ထိ ရောက်ပြီး မြန်မာ့အရေးကို ကျားကုတ်၊ ကျားခဲ ဆွေးနွေးနိုင်အောင် အမေရိကန်နဲ့ ဥရောပ နိုင်ငံတွေ ဦးဆောင်ပြီး အဆိုတင်သွင်းနိုင်တဲ့ အဆင့်ထိ ရောက်အောင် ကြိုးပမ်းနိုင်ခဲ့တဲ့ အမျိုးသား ညွန့်ပေါင်းအစိုးရ ကဏ္ဍကို အထူးအလေးအနက်ထား အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကမ္ဘာကြီးမှာ စစ်အေးလွန်တိုက်ပွဲ နည်းမျိုးစုံနဲ့ ဆက်ရှိနေတယ်ဆိုတာ သတိပြုရမဲ့ ဒီနေ့လို ကာလတွေမှာ မြန်မာ့အရေးကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ တရုပ်နဲ့ ရုရှားက ဗီတိုသုံးပြီး ပယ်ချလိုက်တာတွေ၊ တိဘက်မှာ တရုပ်က အင်အားသုံးပြီး နှိမ်နင်းနေတာတွေ၊ ရုရှား သမ္မတဟောင်း ပူတင်က ချက်နဲ့ ပိုလန်မှာ အမေရိကန်က ဆောက်မဲ့ မဟာဗျူဟာမြောက် ဒုံးပျံဖျက်ဆီးရေးနဲ့ နောက်ယောင်ခံ ထောက်လှမ်းရေး အဆင့်မြင့် အခြေချ စခန်းတွေအတွက် အကြီးအကျယ် ဒေါသထွက်ပြီး အနောက်အုပ်စုကို စိန်ခေါ်ခဲ့တာတွေ၊ အဲဒီအချိန်မှာဘဲ မော်စကိုကို သွားလည်တဲ့ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးကွန်ဒိုလက်ဇာရိုက်စ်က ရုရှားအစိုးရကို အံ့တုနေတဲ့ နိုင်ငံရေးအတိုက်အခံ တွေအုပ်စု (၈)စုလောက်ကို အမေရိကန်က အပြည့်အဝ အားပေးထောက်ခံပါတယ် လိုအပ်တဲ့ အကူအညီပေးမယ်ဆိုတာ ပူတင်နဲ့ တွေ့ပြီး အဆင်မပြေတဲ့ နောက်တနေ့မှာ မော်စကိုမှာဘဲ ချက်ခြင်းခေါ်တွေ့ ပြောခဲ့တာတွေ၊ တရုပ်က

အာကာသထဲက ဂြိုလ်တုကို လှမ်းပြီး ဖျက်ပြလိုက်တာတွေ၊ တခါ အမေရိကန်က ပျက်ပြီး ကမ္ဘာမြေပေါ်ကို ပြန်ကျလာမဲ့ စွန့်လွှတ်ဂြိုလ်တုကို သဘော်ပေါ်ကနေ လှမ်းပြီး ဖျက်ပြလိုက်တာတွေ စသည်ဖြင့်၊ စသည်ဖြင့် မဆုံးနိုင်တဲ့ စစ်အေးကာလလွန်တိုက်ပွဲ ပုံရိပ်တွေကို ကျနော်တို့ တွေ့နေရ ပါတယ်။

မိတ်ဆွေ၊ မြန်မာပြည်ဆိုတာ၊ ကမ္ဘာပေါ်မှာ သေးငယ်တဲ့၊ ဆင်းရဲတဲ့၊ ဒုက္ခပေါင်းစုံ ရောပြွမ်းနေတဲ့ နိုင်ငံတခု ဖြစ်ပါတယ်။ မြန်မာ့အခက်အခဲဆိုတာ တခြားဘာမှ မဟုတ်ပါဘူး။ စစ်အေးလွန်တိုက်ပွဲရဲ့ ပြယုဂ်တခုအဖြစ် အင်အားရှိတဲ့ အုပ်စုက သူလုပ်ချင်တာကို လုပ်ပြီး၊ အင်အားချိနဲ့တဲ့ အုပ်စုကို အပြီးအပိုင် ချေမှုန်းနိုင်အောင် ကြိုးစားနေတဲ့ ပွဲပါဘဲ။ မိတ်ဆွေ၊ ကျနော်တို့ ခဏ၊ ခဏ ပြောနေတဲ့ ဖက်ဆစ်၊ လူသတ် ကောင်၊ ဒါးပြ၊ သူခိုး၊ မုဒိန်းတပ် စသည်ဖြင့် ပြော၊ ပြောနေတဲ့ နအဖဟာ တယောက် ထဲလား တကောင်တည်းလား၊ တဖွဲ့တည်းလား၊ ဒါမှမဟုတ် ဘယ်အုပ်စုကလဲ ဆိုတာ ဆန်းစစ်ကြည့်မယ် ဆိုရင် နအဖဟာ အစီအစဉ်ရှိရှိ သူ့အင်အားကို အုပ်စုတခုရဲ့ ကျောထောက်နောက်ခံနဲ့ စနစ်တကျ ရေတို၊ ရေရှည်စုစည်း တည်ဆောက်တိုးချဲ့ ဖွဲ့စည်း ခဲ့တယ် ဆိုတာ တွေ့ရမှာပါ။ ကြာဖြူ စာအုပ်တိုက်ထုတ် ဩစတေလျ မဟာဗျူဟာ လေ့လာရေး ဌာနက အင်ဒရူးဆဲလ်တ် ရဲ့ ဗမာ့တပ်မတော်နဲ့ ပတ်သက်တဲ့ သုတေသန စာအုပ်တွေ၊ အင်ဒရူးဆလဲတ်ရဲ့ ဆရာ ဒက်စမွန်ဘောလ် ရေးခဲ့တဲ့ ဆက်သွယ် ထောက် လှမ်းရေးနဲ့ အခြား စာအုပ် တွေ၊ စကာ်ပူလာပြီး ပညာသင်ခဲ့တဲ့ ဦးမျိုးအောင်ရဲ့ ဗမာ့ တပ်မတော်နဲ့ ပတ်သက်တဲ့ စစ်တမ်းတွေ၊ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အင်အား စုရဲ့ အပတ်စဉ်၊ ပြည်တွင်း သတင်းလေ့လာသုံးသပ်ချက်တွေ၊ နိုင်ငံရေး အန်တုမှုကော်မီတီရဲ့ သုံးသပ်ချက် စာစောင်တွေ၊ အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးဆိုတဲ့ ခေါင်းစဉ်နဲ့ မြန်မာ့ အရေးနဲ့ နအဖ၊ ဗမာ့တပ်မတော်ကို စောင့်ကြည့်နေတဲ့ သုတေသီတွေရဲ့ လေ့လာသုံးသပ် ပြောဆို တင်ပြ ဆွေးနွေးမှုတွေနဲ့ ကမ္ဘာ့မီဒီယာ၊ အတိုက်အခံ မီဒီယာတွေရဲ့ တီဗွီ၊ ရေဒီယို၊ အင်တာနက်၊ ဝက်ဘ်ဆိုက် စာမျက်နှာတွေမှာ တင်ပြပြောဆို ဆွေးနွေးမှုတွေ၊ သတင်း ရေသား ဖြန့်ချိမှု တွေကို လေ့လာ ကြည့်မယ် ဆိုရင် မြန်မာ့ အရေးဟာ တိမ်မယောင်နဲ့ နက်တယ်၊ လွယ်မယောင်နဲ့ ခက်တယ် လို့ ပြောရတော့မှာပါ။

တိုင်းပြည်ဘဏ္ဍာကို နည်းမျိုးစုံနဲ့ စိတ်ထင်တိုင်း သုံးနေတဲ့ နအဖဟာ စစ်အုပ်စု မို့ အင်အားဆိုတာကို သိပ်ယုံပါတယ်။ နအဖ ယုံကြည်တဲ့ အင်အားတည်ဆောက်ရေးမှုက တော့ ပြည်သူလူထုကို အကြောက်တရားနဲ့ လွှမ်းမိုးထားပြီး သူ့ဘက်က အစစ၊ အရာရာ ပြင်ဆင်ထားတဲ့ လက်နက်အင်အား၊ လူ (လက်နက်ကိုင်တပ်ဖွဲ့နဲ့ အရံအင်အားတွေ)ပေါ်မှာ အခြေခံထားတဲ့မူပါဘဲ။ ဒီမူပေါ်မှာ အခိုင်အမာ ရပ်တည်ပြီး အတွေ့အကြုံ အများကြီး ရှိထားတဲ့ နအဖဟာ အဆိုးဆုံး အခြေအနေအတွက် ပြင်ဆင်နေသလို၊ အကောင်းဆုံးကိုလဲ မျှော်လင့်နေပါတယ်။ ဒီနေရာမှာ ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူကြီးများကို ဒီလိုဘဲ မှာလိုက်တဲ့ စကားကို အားလုံးကကြားသိပြီးသား ဖြစ်ပေမဲ့ လောလောဆယ် အခြေအနေတွေမှာတော့ နအဖက အဲဒီလမ်းစဉ်အတိုင်း အစောကြီး ကတည်းက လက်ဦးမှုရှိရှိ လက်တွေ့လိုက်နာ ကျင့်သုံး နေတယ်ဆိုတာ တွေ့ရပါတယ်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်မှုနဲ့ လုပ်ချင်တာ လုပ်နေတဲ့ နအဖဟာ ဗိုလ်ချုပ် မှူးကြီးသန်းရွှေ အကြောင်းတစုံတခုကြောင့် ကွယ်လွန်သွားရင်တောင် နောက် တက်လာမဲ့ မောင်ပုလဲ၊ ဒိုင်းဝန်ထက်ကဲ ဆိုတာလို သူ့ထက်သူ၊ ဆရာ့ထက် လက်စောင်းထက်မဲ့ ဗိုလ်ချုပ်ကြီး၊ ငယ်တွေက

တန်းစီ စောင့်နေပါတယ်။ အဲဒီတော့ မြန်မာ့နိုင်ငံရေး အကျပ် အတည်းမှာ ကျနော်တို့ဟာ ပုဂ္ဂိုလ်ရေး၊ တယောက်တည်းပေါ် မူတည် သုံးသပ်ပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပေါ်မှာဘဲ အပြစ်ဖို့လို့ သူကွယ်လွန်သွားမဲ့ အချိန်ကို စောင့်စားနေ လို့ မရဘူး ဆိုတာ အဖြေက တွေ့ရမှာပါ။

နောက်တခါ၊ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် တောင်ကိုရီးယား နိုင်ငံ သား မစ္စတာ ဘန်ကီးမွန်ရဲ့ လက်ထောက်၊ နိုက်ဂျီးရီးယား နွယ်ဖွား မစ္စတာ ဂမ်ဘာရီရဲ့ အခုနောက်ဆုံး ခရီးစဉ်ကတော့ လက်ချည်းသက်သက် ပြန်သွားရတယ်လို့ ပြောနေကြပါ တယ်။ ဖြစ်နိုင်ပါတယ်။ သတင်းနဲ့ ပြန်ကြားရေး ဝန်ကြီး ကျောက်ရှူးဗိုလ်ချုပ်နဲ့ တွေ့ပြီး ကျောက်ရှူး ဗိုလ်ချုပ်ကျော်ဆန်းရဲ့ ငါ့စကားနွားရ၊ ပြေုးက ပြန်ပြနေတဲ့ ဇာတ်လမ်းမှာ ဂမ်ဘာရီ နောက်ဆယ်ခေါက် မြန်မာပြည်သွားလဲ ဘာမှ ထူးမလာနိုင်ပါဘူး။ ဂမ်ဘာရီ အဆင့်ကလဲ မြန်မာပြည်ကပြန်သွားရင် အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီးမွန်ကို အစီရင်ခံမယ်၊ လုံခြုံရေးကောင်စီမှာ မြန်မာ့အရေး နဲ့ ပတ်သက်လို့ အစီရင်ခံခိုင်းရင် အစီရင်ခံမယ်၊ အဲဒီအချိန် အမေရိကန်နဲ့ အီးယူ နိုင်ငံတွေက (နိုင်ငံတကာသံတမန်တို့ ထုံးတမ်းစဉ်လာ) ကြိုတင်ဇာတ်တိုက်ထားတဲ့အတိုင်း အဆိုတွေ တင်သွင်း၊ ဆုံးဖြတ်ချက် တခု၊ နှစ်ခု ကျလာအောင် ဝိုင်းကြိုးစားကြမယ်၊ ကြိုတင် တိုင်ပင် စည်းဝါး ရိုက်ထား တဲ့အတိုင်း၊ တရုပ်၊ ရုရှားအပါအဝင် အခြား ဂျိုးဂျောင် နိုင်ငံငယ်လေး တချို့က လှမ်းကန့်ကွက်မယ်၊ ဝေါဟာရ အသုံးအနှုန်းတွေ ပြင်ဘို့ ပြောမယ်၊ မွေးစားသားလေး နအဖဟာ မဆိုးပါဘူး၊ ခများ လိမ္မာပါတယ်ဆိုတာ ပတ်ချွဲ၊ နပ်ချွဲပြောမယ်၊ အနောက် အုပ်စုက မြန်မာပြည်ရဲ့ တကယ့်အရေးကို မသိပါဘူး၊ ကျနော်တို့က ဟိုဒင်းဟိုဟာ လုပ်နေကျမို့ သိပါတယ်ဆိုတဲ့ ဝေ့လည်ကြောင်ပတ် အပြောမျိုးတွေ ပြောမယ်၊ လိုအပ်ရင် ဘီလူးရုပ်မျက်နှာဖုံးစွပ်ပြီး ဗီတိုသုံးမယ်၊ ဒီလိုနဲ့ ဂျာအေး သူ့အမေရိုက်မဲ့ ဇာတ်လမ်း၊ ကမ္ဘာ့ပြည်သူတွေရဲ့ အခွန်ငွေတွေနဲ့ သက်ဆိုင်ရာ အစိုးရတွေရဲ့ အချိုးကျ ရံပုံငွေနဲ့ ရပ်တည်ထားတဲ့ ကုလသမဂ္ဂ အဖွဲ့အစည်းကြီးဟာ ဂမ်ဘာရီ ခရီးစဉ်အတွက် ပိုက်ဆံတွေ ကုန်ရုံကလွဲပြီး နအဖ လေချွန်မပျက်တာကို တွေ့ရမှာပါ။ ဒါတောင် ကျနော်တို့ဆိုက်က အဆင့်မြင့် နိုင်ငံတကာ သံတမန်ကြီးက ဘယ်ကရတဲ့ ပိုက်ဆံနဲ့လည်းတော့ မသိဘူး၊ အဲဒီ ဂျိုးဂျောင် ( ဥပမာ–အာဂျင်တီးနား) နိုင်ငံငယ်လေးတွေကို ခရီးစရိတ် အကုန်ခံသွားပြီး အင်တာနေရှင်နယ်လော်ဘီဆိုတဲ့ လျှာတတောင်လောက်ထွက်အောင် ငိုပြရတဲ့ ဇာတ်လမ်း ကို ရိုက်ဖြစ်အောင် ရိုက်လိုက်ပါသေးတယ်။ မြန်မာ့အရေးအတွက် တော်တော် ကြိုးစား နိုင်တဲ့လူလို့ ပြောရမှာပါ။ လူကိုတော့ ချီးကျူးပါတယ်။ ခရီးစါးရိတ်အတွက် ကုန်တဲ့ ပိုက်ဆံနဲ့ အချိန်ကိုတော့ နှမျောပါတယ်။

မြန်မာပြည် လွတ်လပ်ရေးရကတည်းက စစ်တိုက်လာခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ စစ်နဲ့ ယဉ်ပါးပြီး စစ်နဲ့ လုပ်စားတတ်နေပြီဆိုတာကို အားလုံးက ကောင်းကောင်း သဘော ပေါက်ကြမှာပါ။ လက်ညှိုးထိုးစရာ ရန်သူ၊ တခု၊ နှစ်ခုကို ပစ်မှတ်အနေနဲ့ ပြယုဂ်ထား၊ စစ်တပ်ညီညွတ်စည်းလုံးရေး ဦးတည်တည်ဆောက်တတ်တဲ့ နအဖဟာ အကောင်းဆုံး အခြေအနေကို ပိုင်ဆိုင်ပြီး ပန်းခင်းလမ်းကို လျှောက်နေရတာတော့ မဟုတ်ပါဘူး။ ဗိုလ်ချုပ် မောင်အေး ဦးဆောင်တဲ့ ဒီအက်စ်အေအုပ်စု တက်လာပြီး မြန်မာ့တပ်မတော်ကို လွှမ်းမိုးသွားမှာကို လန့်နေသလို၊ တိုးတက်တဲ့ အမြင် ရှိတဲ့ ကြားအုပ်စုတခုရဲ့ တန်ပြန် အာဏာ သိမ်းမှု ဖြစ်ပွားလာမှာကိုလည်း အစိုးရိမ်ကြီး စိုးရိမ်နေရပါတယ်။ တဘက် ကလည်း အပစ်အခတ် ရပ်စဲရေး ယူထားတဲ့ ဝ၊ ကချင်က ပိုအင်အားကောင်းလာ နေသလို တရုပ်ကလည်း အခြေအနေ

မကောင်းရင် ဗမာပြည်ကွန်မြူနစ်ပါတီကို အချိန်မရွေး ပြန်မွေး မဲ့ အနေအထားကို ရင်ဆိုင်နေရပါတယ်။ လက်ရှိ ရင်ဆိုင်နေရတဲ့ တိုင်းရင်းသား လက်နက် ကိုင်တွေ အထူးသဖြင့် ကရင်နဲ့ ရှမ်းကို ဘယ်လိုမှ အပြတ်မချေမှုန်း နိုင်သလို၊ ရန်ကုန်လို မြို့လည်ခေါင်မှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်တွေရဲ့ ပြင်းထန်လှတဲ့ အကြမ်း မဖက် အနုနည်းသက်သက် နိုင်ငံရေးအန်တုမှုကို တနေ့ထက် တနေ့ ပိုပြီး ရင်ဆိုင် နေရပါတယ်။ သံဃာ၊ ကျောင်းသားထုကို ဘယ်လိုမှ စည်းရုံးလို့ မရသလို၊ သံဃာ၊ ကျောင်းသားနဲ့ ပြည်သူတွေရဲ့ စိန်ခေါ်မှုကလဲ နအဖအတွက် အသက်ရှူမှားစရာ ချည်း တွေ့ပါဘဲ။

ထောင်ထဲမှာ ထည့်ထားတဲ့ အတိုက်အခံ နိုင်ငံရေးသမားတွေကကော နအဖ ကို ဒူး ထောက်မဲ့လူ တယောက်မှ မရှိပါဘူး။ ရှစ်ဆယ့်ရှစ် ကျောင်းသားခေါင်းဆောင် များအပါ အဝင် ထောင်ထဲမှာ နှစ်ရှည် အကျဉ်းကျခံနေရတဲ့ သတင်းစာဆရာကြီး ဦးဝင်းတင်နဲ့ ဝါရင့် နိုင်ငံရေး သမားများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ နိုင်ငံရေး အကျဉ်းသားတွေ အားလုံး ဟာ အယူအဆရေးရာ၊ ခံယူချက်၊ ယုံကြည်ချက်တွေမှာ ပိုလို့ ခိုင်မာနေကြ ပါတယ်။ ဒီလို အခြေအနေမှာ နအဖက စာရွက်ပေါ်က အင်အား (၂၄) သန်းရှိပြီဖြစ်တဲ့ ကြံ့ဖွတ်အဖွဲ့ကို အဓိက မဏ္ဍိုင်ပြုပြီး ရွေးကောက်ပွဲနဲ့ မြန်မြန် ပွဲသိမ်းနိုင်အောင် ကြိုးစားလာတဲ့ အနေအအ ထားပါ။ ပြဿနာက လူထု အုံကြွလာရင် ဖိမယ်၊ ရိုက်မယ်၊ ဖမ်းမယ်၊ သတ်မယ်၊ ထောင်ချ မယ် ဆိုတာကလွဲပြီး ဘာမှ မလုပ်တတ်တဲ့ နအဖဟာ လုံထိန်းရဲနဲ့ စစ်တပ်အင် အားကို အကြီးအကျယ် တိုးချဲ့၊ စွမ်းအားရှင်နဲ့ ကြံ့ဖွတ်၊ မီးသတ်၊ ရဲတွေကို ပစ်စလက် ခတ်မွေးပြီး ဟောက်စား၊ ချောက်စား လုပ်မယ် ဆိုတဲ့ ရည်ရွယ်ချက်က လွဲလို့ ကျန်တာ ဘာမှ မလုပ်တတ်ပါဘူး။

နအဖ ဗိုလ်ချုပ်တွေထဲမှာ တိုင်းပြည်အရေးကို အရှည်မျှော်ကြည့်ပြီး နှစ်ဦး၊ နှစ်ဘက်၊ သုံးဦး သုံးဘက်၊ ဘယ်လို အဆင်ပြေအောင် လုပ်ကြမယ်၊ အင်အားကြီး နိုင်ငံတွေ ကြားမှာ ဘယ်လို သတိထား ရပ်တည် ဖြေရှင်းကြမယ်။ ဘယ်ဟာက အဓိက၊ ဘယ်ဟာက သာမည၊ ဘယ်သူက ရန်သူ၊ ဘယ်သူက မိတ်ဆွေ၊ ဘယ်သူက ပြိုင်ဘက်၊ ဘယ်သူ့ကို ကြားနေ၊ ဘယ်သူက ကိုယ့်လူရင်းဆိုတာ ဝေခွဲ၊ ပိုင်းခြား ဆုံးဖြတ်၊ ရွေးချယ် နိုင်တဲ့ အရည်အချင်းတွေ မရှိကြပါဘူး။ မရှိလို့ဘဲ၊ တရုပ်၊ ရုရှား၊မြောက်ကိုရီးယား နဲ့ အာဏာ ရှင်နိုင်ငံတွေက ခေါင်းဆောင်မျိုး၊ အမိုးဖွင့်ကားနဲ့ လှည့်စစ်ဆေးရမဲ့ တပ်ဖွဲ့ဝင် အင်အား သောင်းချီ ပါဝင်ဆင်နွှဲရတဲ့ စစ်ရေးပြမျိုး လုပ်ပြီး ဂုဏ်ယူမဆုံး ဖြစ်နေကြတာပါ။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အသက်က (၇၀) ပတ်ဝန်းကျင် ဖြစ်နေပါပြီ။ အသက် (၇၀) ပတ်ဝန်းကျင် အာဏာရှင် တယောက်ရဲ့ ခေတ်ပညာလဲ မတတ်တဲ့အပြင်၊ အမြင်လဲ မကျယ်၊ နိုင်ငံတကာ စာမျက်နှာ နဲ့ ဒေသတွင်း စာမျက်နှာတွေမှာ ဘယ်လိုမှ မဝင်ဆန့်၊ ဒ့ါအပြင် တပ်မတော်နဲ့ အစိုးရအဖွဲ့အစည်းတွင်း ရာထူးနဲ့ အခွင့်အာဏာတွေကို အလွဲ အသုံးပြုပြီး မိသားစု၊ ဆွေမျိုးသားချင်း ကောင်းစားရေး အုပ်စုလိုက် လုပ်နေတာတွေကို မျက်ကွယ်ပြုနေတဲ့ အပြင် ကိုယ့်မိသားစု လုပ်နေတာတွေကိုလဲ မတားဆီးနိုင်တဲ့ ခေတ်နောက်ကျလှပြီ ဖြစ်တဲ့ စစ်ခေါင်းဆောင်ကြီးရဲ့ လက်ထဲမှာ အရာရာကို ‘ဝ’ကွက် အပ်ထားရတာဟာ တိုင်းပြည်နဲ့ တပ်မတော်အတွက် နစ်နာလှပါတယ်။

နအဖ ကြောက်တာကတော့ အနောက်အုပ်စု၊ အထူးသဖြင့် အမေရိကန်ပါဘဲ။ တိုးတက်တဲ့ အင်အားကြီး နိုင်ငံတွေ၊ အထူးသဖြင့် အမေရိကန်နဲ့ အီးယူတို့က ဘောဂစနီး ယားနဲ့

ဆာဗီးယားမှာ နေတိုးတပ်တွေနဲ့ ဝင်တိုက်ခဲ့တာတွေ၊ ယူဂိုစလပ်ပြိုကွဲပြီး ဆားဗီး ယား အထိနာခဲ့တာတွေ၊ အာဖဂါရင် မီလိုဆီဗစ် နေဝင်ချိန်မလှခဲ့တာတွေ၊ (၉၊၁၁)ကိစ္စ ပြီး တာလီဘန်ကို တနှစ်အတွင်း ဖြုတ်ချခဲ့တာတွေ၊ အီရတ်က ဆဒမ်ဟူစိန်ကို သုံးလအတွင်း အပြုတ်ဖြုတ်ခဲ့တာတွေ ဒါတွေကို ကြည့်ပြီး အတိုက်အခံ အုပ်စုတွေလက်ထဲကို လက်နက် တွေ၊ ပိုက်ဆံတွေ၊ နည်းပညာတွေ၊ အဆင့်မြင့် အကူအညီတွေ အများကြီး ရောက်လာ မှာ ကို နအဖ ကြောက်နေပါတယ်။ နအဖက တသက်လုံး အိမ်ကျယ်ပါ။ ကိုယ့်အချင်းချင်းကို အနိုင်ကျင့်မယ်၊ ဖြိမယ်၊ ထင်သလိုလုပ်မယ်၊ တခြားလူ၊ တရုပ်နဲ့ အနောက်အုပ်စုကို ကြောက်မယ်၊ မျက်နှာချိုသွေးမယ်၊ အောက်စည်း ကနေဝင်မယ် ဆိုတာ နအဖ တသက်လုံး လုပ်လာခဲ့တဲ့ မဟာဗျူဟာ ဆိုပါတော့။

နအဖအတွက် အခက်အခဲ တခုက အခုရင်ဆိုင်ရတဲ့ နိုင်ငံရေးအင်အားစုတွေ (တိုင်းရင်းသားတွေ အပါအဝင်) က အရင်က ဗကပတို့၊ ပါလီမန်ဒီမိုကရေစီတို့ အုပ်စုတွေနဲ့ ရင်ဆိုင်နေရတဲ့ ပွဲမျိုးမဟုတ်ဘူး။ အခုဟာက ပိုကျယ်ပြန့်တယ်။ တိုက်ပွဲ မျက်နှာစာ သိပ် ကျယ်တယ်။ တချို့ကို သေနတ်ကိုင် တိုက်နေရသလို၊ တချို့ကို နိုင်ငံရေးမျက်နှာစာ မှာ တိုက်နေရတယ်။ တချို့ကို ကုလသမဂ္ဂလို နိုင်ငံတကာ ကစားကွင်းမှာ တိုက်နေရသလို၊ တချို့ကိုလဲ လူ့အခွင့်အရေး မျက်နှာစာမှာ တိုက်နေရတယ်။ နအဖ တလျှောက်လုံး တိုက်လာခဲ့တဲ့ တိုင်းရင်းသား လက်နက်ကိုင်၊ လက်နက်မကိုင် အုပ်စုတွေကလဲ ရေတို၊ ရေရှည်ကို ကြည့်ပြီး ပြင်ဆင်စရာရှိတာ၊ ပြင်ဆင်လာပြီဆိုတော့ နအဖဟာ ခပ်ညံ့ညံ့ ပြိုင်ဘက်တွေနဲ့ တွေ့နေတာ မဟုတ်ပါဘူး။

ဒီဘက်မှာလဲ ကျောင်းသားတွေကအစ ခေတ်ပညာ တတ်မြောက်လာပြီး၊ တိုး တက်တဲ့ နည်းပညာတွေ၊ ကရိယာတန်ဆာပလာတွေကို သုံးစွဲလာနိုင်ကြတယ်။ အလုပ် တွေကိုလဲ စနစ်တကျ လုပ်လာနိုင်ကြတယ်။ နအဖနဲ့ ရင်ဆိုင်ခဲ့ရတာကလဲ မနေ့တနေ့က မဟုတ်၊ ဆယ်စုနှစ်နဲ့ ချီပြီး အတွေ့အကြုံ ရှိလာကြပြီ ဆိုတော့ နအဖ အကြောင်း အူမချေးခါး မကျန် သိနေကြသလို နအဖ စကားတခွန်းဟရင် ဘယ်ခြေလှမ်း မယ်ဆိုတာ တော်တော်များများက သိနေကြပါတယ်။ အတိုက်အခံ တွေဘက်က မီဒီယာနဲ့ သတင်းထောက်လှမ်းရယူ စုဆောင်း ဖြန့်ဖြူးရေး၊ မြန်မာလူထုနဲ့ နိုင်ငံတကာ အစိုးရ၊ အဖွဲ့အစည်းတွေကို အသိပေးတင်ပြဆွေးနွေးရေးက အဆင့်မြင့် မြန်ဆန်လွန်းလာတော့ နအဖ ထိပ်တန်းခေါင်းဆောင်တွေခမျာ အရူးမီးဝိုင်းသလို ဖြစ်နေပြီး ကိုယ့်အချင်းချင်း တောင် သိပ်မယုံတော့ဘူး ဆိုတာ သိသာနေပါတယ်။ အဲဒီတော့ ဗိုလ်ချုပ်မှူးကြီး သန်း ရွှေ ဦးစီးတဲ့ ခေါင်းမာတဲ့ ဂိုဏ်းသားတွေ ကြိတ်ဝိုင်းဖွဲ့ပြီး အရူးချီပန်း ခိုင်းနေတာတွေကို ကျန်လူ တွေက မယုံရဲ၊ ယုံရဲ အောင့်သီးအောင့်သက် လိုက်လုပ်နေကြရတဲ့ အနေအထားပါ။ တချို့ ကလဲ တတက်စားလဲ ကြက်သွန်၊ နှစ်တက်စားလဲ ကြက်သွန် မထူးတော့ပါဘူး ဆိုတဲ့ စိတ်နဲ့ ခိုင်းတာကို လုပ်ပြီး သေတဲ့တိုင်အောင် သေနတ်ဖက်ပြီး သေမယ်ဆိုတဲ့ လူတွေ၊ ခေါင်းဆောင်တွေကလဲ ဒုနဲ့ဒေးရှိပါတယ်။ အဲဒီလိုမျိုးလူတွေ နအဖ လက်နက်ကိုင်တပ်ဖွဲ့ နဲ့ အုပ်ချုပ်ရေး ယန္တယားထဲမှာ များနေတာမို့ နအဖ ခံသာနေတာပါ။

နောက် အရေးကြီးတဲ့ နိူင်းယှဉ်ချက်တွေကတော့ နအဖ က တိုင်းပြည်ဘဏ္ဍာကို စိတ်ထင်တိုင်း ထင်သလို သုံးစွဲနေတဲ့အပြင် တရုပ်လို အိမ်နီးနားချင်း နိုင်ငံကြီးက နအဖကို လိုအပ်တဲ့၊ စစ်ရေး၊

နည်းပညာ၊ ဘဏ္ဍာရေးက အစ အကူအညီပေးနေတဲ့အပြင် လိုအပ်ရင် နိုင်ငံတကာ ကစားကွင်းထဲထိ လိုက်ပြီး ဗီတိုသုံးကျားကန်ပေးဘို့ ဝန်မလေးတော့ နအဖ လူပါး ဝတာလဲ မဆန်းပါဘူး။ ရုရှားကလဲ၊ ကွန်ပြူတာ နည်းပညာတွေ၊ အဆင့်မြင့် ထောက် လှမ်းရေးနဲ့ အခြားနည်းပညာတွေ၊ လေကြောင်းကာကွယ်ရေးစနစ်တွေ၊ နျူးကလီးယား အင်အားမြင့် ပညာတွေကို ပေးနေတဲ့အပြင် မြန်မာ့တပ်မတော် ခေတ်မီပြီး အင်အား တောင့်တင်းခိုင်မာရေးကို တရုပ်နဲ့ ပေါင်းပြီး ဟန်ချက်ညီညီ ဆောင်ရွက်ပေးနေတာကို နအဖ စိတ်ကြီးဝင်မယ်ဆိုရင်လဲ ဝင်လောက်စရာပါဘဲ။ နအဖ ဗိုလ်ချုပ်တွေရဲ့ ငွေမဲတွေကို ငွေဖြူလုပ်ပေးနေတဲ့ စကာ်ပူ၊ နအဖ ရဲ့ ဒေသတွင်းရင်းနှီးမြုပ်နှံမှုတွေကို ဖုံးဖုံးဖိဖိ လုပ်ပေး နေတဲ့ အိမ်နီးချင်း ထိုင်း၊ စကာ်ပူ၊ မလေးရှား၊ ဂျပန်၊ တောင်ကိုရီးယားတွေရဲ့ မရိုးသားမှုတွေ နောက်ကွယ်မှာ တေဇတို့လို နအဖ စီးပွားရေး အေးဂျင့်တွေ ကောင်းစားနေတယ် ဆိုပါစို့။

တလောက မြန်မာကို သွားလည်တဲ့ ထိုင်းဝန်ကြီးချုပ်ရဲ့ မြန်မာ့ခရီးစဉ်အပြီး ပြောဆို မှုတွေကို လေ့လာကြည့်မယ်ဆိုရင် လက်ရှိ ထိုင်းအစိုးရဟာ မြန်မာ့ အရေးမှာ ထိုင်းနိုင်ငံ အကျိုးစီးပွားကလွဲပြီး ဘာမှ အလေးမထားဘူး၊ လက်ရှိ ထိုင်းဝန်ကြီးချုပ်ဟာ သက်ဆင် လူရင်းမို့ စီးပွားရေးနဲ့ အကျိုးအမြတ် ရရုံကလွဲပြီး ဘာမှ နားမလည်ဘူး၊ နအဖ ဗိုလ်ချုပ် တွေကို အောက်ဆွဲဆွဲပြီး အမေရိကန် အီးယူအပါအဝင်၊ အေဆီယံနိုင်ငံတချို့ရဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ရပ်တည်ချက်တွေကို အလေးအနက်မထားဘူး ဆန့်ကျင် လိုတယ် ဆိုတာ ပေါ်လွင်နေပါတယ်။ ထိုင်းနိုင်ငံခြားရေး ဝန်ကြီးကလဲ အမေရိကန် နိုင်ငံခြား ရေး ဝန်ကြီး ကွန်ဒိုလက်ဇာရိုက်စ် နဲ့ ဒီရက်ပိုင်းအတွင်း ဝါရှင်တန်မှာတွေ့တာတောင် အနောက်အုပ်စုတွေရဲ့ နအဖကို အပြစ်ဒဏ်ခတ်ရေး၊ ဆန်ရှင်ဟာ အသုံးမဝင်ဘူး၊ အမေ ရိကန် အပါအဝင် အနောက်အုပ်စုတွေရဲ့ မြန်မာစစ်အစိုးရနဲ့ ပတ်သက်တဲ့ရပ်တည် ချက် သဘောထားတွေဟာ မှားနေတယ်ဆိုတဲ့ အကြောင်း ဝါးနုက ဝါးရင့်ကို ပတ်ချင်တဲ့ အပြောမျိုးတွေ ပြောခဲ့ပါတယ်။ သေချာတာကတော့ စစ်တပ်အာဏာသိမ်းပြီး ပထမဆုံး လုပ်တဲ့ရွေးကောက်ပွဲနဲ့ တက်လာတဲ့ ထိုင်းအစိုးရဟာ သက်ဆင်လူရင်းတွေ ချည်းဘဲမို့ ဒီအပြောမျိုးတွေ ပြောနေတာ မဆန်းပါဘူး။ ဒါကို မြန်မာစစ်အစိုးရနဲ့ စစ်တပ်အကြောင်း နောကျေနေအောင် သိနေတဲ့ ထိုင်းစစ်တပ် လက်ရှိ စစ်ဗိုလ်ချုပ်တွေ၊ ထိုင်းဘုရင် ကို အရမ်းရိုသေလေးစားပြီး ထိုင်းဘုရင်ကို အသက်နဲ့ ကာကွယ်မဲ့၊ ထိုင်းဘုရင်ရဲ့ ယုံကြည်မှုကို အပြည့်အဝ ရထားတဲ့ ထိုင်းဘုရင့် အတိုင်ပင်ခံ ကောင်စီက ဗိုလ်ချုပ်ကြီး ပရမ်တင် ဆူလာနွံဒါလို ပုဂ္ဂိုလ်နဲ့ အဖွဲ့တွေ၊ အတိုက်အခံ ဒီမိုကရက်တစ်ပါတီနဲ့ အခြား နိုင်ငံရေး အင်အားစုတွေ၊ အားကောင်းလှတဲ့ ထိုင်းမီဒီယာနဲ့ အရပ်ဘက် လူမှု အဖွဲ့အစည်းတွေက ထိုင်းအစိုးရ လုပ်ရပ်၊ သဘောထားနဲ့ နောက်ခြေလှမ်းတွေကို လေ့လာစောင့်ကြည့် နေကြပါတယ်။

လက်ရှိ ထိုင်းအစိုးရဟာ ဗီယက်နမ်စစ်ပွဲနဲ့ ကမ္ဘောဒီယား၊ လောတို့မှာ ကွန်မြူနစ် တွေ အင်အားကောင်းလာတဲ့ အချိန်တုံးက အမေရိကန်ကို ပြေးဖက်ပြီး အမေရိကန် စစ်ပစ္စည်းတွေ စုပုံခွင့်ပေး၊ ထိုင်းကို ကွန်မြူနစ်ဆန့်ကျင်ရေး အမေရိကန် တထောက်နား စစ်စခန်းအဖြစ် အသုံးပြုခဲ့တာတွေကို ကျေကျေနပ်နပ်ကြီး ခွင့်ပြုခဲ့လို့ ထိုင်းတွေ မတရား စီးပွား ဖြစ်ခဲ့တာတွေ၊ ထိုင်းတပ်မတော်အတွက် လက်နက်၊ ခဲယမ်းတွေ မလိုချင်လောက် အောင် အလျှံပယ် ဖြစ်ခဲ့တာတွေ၊ ဗီယက်နမ်နဲ့ ကမ္ဘောဒီးယား၊ လော စစ်ပွဲလက်ကျန် လက်နက်တွေ ဒေသတွင်း

တောတွင်းလက်နက်ကိုင် တပ်ဖွဲ့တွေကို ရောင်းခဲ့ရလို့ ထိုင်း၊ စစ်၊ ရဲ၊ နဲ့ နိုင်ငံရေးသမားတွေ အရမ်းချမ်းသာခဲ့တာတွေကို မေ့ချင်နေပြီ ဖြစ်ပါတယ်။ လက်ရှိ ထိုင်းထိပ်တန်း နိုင်ငံရေးသမားတွေထဲမှာ သက်ဆင်တို့လို တရုပ်သွေး ပါသူတွေကလဲ တပုံ ချည်းမို့ အမေရိကန်ကို ခြေစုံကန်ပြီး တရုပ်ကို ပြေးဖက်ချင်နေတာလဲ မဆန်းပါဘူး။ ခက်တာက အမေရိကန် လေ့ကျင့်ပေးမှု၊ နည်းပညာနဲ့ အဆင့်မြင့် တိုက်လေယာဉ်တွေ၊ အခြား တိုးတက်တဲ့ အကူအညီတွေ နဲ့ ခေတ်မှီလာတဲ့ ထိုင်းတပ်မတော်က တရုပ်ပစ္စည်း ဆိုရင် အထင်မကြီး၊ မသုံးစွဲချင်သလို၊ အမေရိကန်နဲ့ ပူးတွဲလုပ်တဲ့ ရွှေမြွေဟောက် စစ်ရေး လေ့ကျင့်မှုတွေ၊ အတွေ့အကြုံတွေအရ ဗမာ့တပ်မတော်နဲ့ ယူဒဗလျူအက်စ်အေ ဝတပ် တွေကို တနေ့တချိန် အနေးနဲ့အမြန် ရင်ဆိုင်ရတော့မယ် ဆိုတာ သဘော ပေါက်နေ ပါတယ်။ နအဖကလဲ ထိုင်းစစ်တပ်နဲ့ ထိုင်းအစိုးရ အဆက်ဆက် အတော်များများကို ရေရှည်ရင်ဆိုင်သွား ရမဲ့ ရန်ဘက်နိုင်ငံ နဲ့ သတိထားရမဲ့ ပြိုင်ဘက်အင်အားစုအဖြစ် စါရင်း သွင်းထားပြီး ဘက်ပေါင်း စုံက ပြင်ဆင် နေတာလဲ ထိုင်းလက်ရှိအစိုးရ သတိပြုချင်မှ ပြုမိ မှာပါ။ ပြောရရင် ယူဒဗလျူအက်စ်အေ ဝတပ်ရဲ့ ဘိန်းစစ်ပွဲ ဆင်နွှဲခံနေရတဲ့ ထိုင်းနိုင်ငံဟာ တဖြည်းဖြည်းနဲ့ အမျိုးသားရေး စိတ်ဓါတ် တွေ ချိနဲ့လာပြီး အရည်အချင်းမရှိဘဲ ကိုယ်ကျိုး စီးပွားသာ ကြည့်တတ်တဲ့ ထိုင်းနိုင်ငံရေး၊ စီးပွားရေးအုပ်စုတွေရဲ့ လုပ်ရပ်၊ သဘောထား တွေကြောင့် ရေရှည်မှာ ထိုင်းတွေ အင်မတန်မှ ချစ်မြတ်နိုးတဲ့ စည်းမျဉ်းခံ ဘုရင်စနစ်တောင် ထိခိုက်လာနိုင်တဲ့ အနေအထား မှာ ရှိပါတယ်။

အမေရိကန် အစိုးရရဲ့ မြန်မာ့အရေးအပေါ် ထားတဲ့ သဘောထားကတော့ ဒေါ် အောင်ဆန်း စုကြည်ကို ဗဟိုပြု၊ (၉၀)ရွေးကောက်ပွဲ အနိုင်ရ အမျိုးသား ဒီမိုကရေစီ အဖွဲ့ ချုပ်နဲ့ တိုးတက်တဲ့ အမြင်ရှိတဲ့ ကျောင်းသားတွေ ဦးစီးတဲ့ ပြည်တွင်းလှုပ်ရှားမှုတွေကို ဦးစားပေး၊ တိုင်းရင်းသား အဖွဲ့အစည်းတွေ အထူးသဖြင့် နအဖနဲ့ သဘောထားချင်း မတိုက်ဆိုင်တဲ့ တိုင်းရင်းသား အုပ်စုတွေကို အရန်ထား၊ ပြည်ပနဲ့ နယ်စပ်ဒေသမှာ အခြေ ပြုနေတဲ့ အမျိုးသားကောင်စီနဲ့ အမျိုးသား ညွန့်ပေါင်းအစိုးရတို့ကို လူသားချင်းစာနာ ထောက်ထားမှု အကူအညီအရ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း၊ အင်ဂျီအိုတွေနဲ့ မစို့မပို့ ကူညီရုံကလွဲပြီး၊ အင်နဲ့အားနဲ့ ထိထိရောက်ရောက် ကူညီတာမျိုး မရှိသေးပါဘူး။ ဒါကလဲ အတိုက်အခံတွေ၊ အထူးသဖြင့် ပြည်တွင်းနဲ့ ပြည်ပမှာ ရှိနေတဲ့ ဒီမိုကရေစီ အင်အား အများစုရဲ့ ပြည်တွင်း လှုပ်ရှားမှုကို ဦးစားပေးမယ်၊ လူထု လှုပ်ရှားမှုနဲ့ အောင်ပွဲခံမယ်၊ အကြမ်းမဖက် အနုနည်းနဲ့ သွားမယ်ဆိုတဲ့ ဆန္ဒ သဘောထားတွေကြောင့် ဖြစ်နိုင်ပါတယ်။ တဘက်ကလည်း နိုင်ငံတကာ အစွန်းရောက် အကြမ်းဖက်သမားတွေကို နည်းမျိုးစုံနဲ့ ရင်ဆိုင်နေရပြီး အတွေ့အကြုံတွေ အများကြီး ရလာတဲ့ အမေရိကန် အစိုးရနဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေ ဟာ ခေတ်မှီ ပြောက်ကျား စစ်နည်းဗျူဟာနဲ့ အသေခံ ကွန်မန်ဒို နည်းပညာတွေကို လက်တွေ့ ကျင့်သုံးနေတဲ့ အကြမ်းဖက် အုပ်စုတွေကို ဘယ်လို အပြီး တိုင် ထိထိရောက်ရောက် ဖြိုခွင်းနှိမ်နှင်းနိုင်တယ် ဆိုတာ နည်းလမ်း ရှာမတွေ့သေး ပါဘူး။ အခု လောလောဆယ် အနေအထားကတော့ ပုံလုံတလှည့်၊ ငါးပျံတလှည့် အနေ အထား မှာဘဲ ရှိနေပါသေးတယ်။ ဒီကြားထဲ စစ်စါးရိတ်က တနေ့တခြား တက်လာပြီး အမေရိကန် စီးပွားရေး ကျဆင်းနေတဲ့ ဒီနေ့လို ကာလတွေမှာ စစ်ဆန့်ကျင်ရေး၊ စစ်အသုံး စါးရိတ် ချွေတာရေးတွေက အသံကျယ်လောင်လာသလို၊ နျူကလီးယား လက်နက်တွေကို ပိုင်ဆိုင်ပြီး ဒါမှမဟုတ် ပိုင်ဆိုင်ဘို့ ကြိုးစားနေတဲ့ မြောက်ကိုရီးယားနဲ့ အီရန် ပြဿနာတွေကိုလည်း ခေါင်းခဲအောင် ရင်ဆိုင်နေရပါတယ်။ တဘက်ကလည်း ရုရှားနဲ့ တရုပ်တို့ရဲ့ စစ်အေးလွှန်

တကျော့ပြန် ကစားကွက်တွေကို အမှီလိုက်ပြီး ယှဉ်ပြိုင်နေရတော့ မြန်မာ့အရေးဆိုတာ အမေရိကန် နိုင်ငံရေးနယ်ပယ်မှာ သိပ်ရေပန်းမစားတဲ့၊ အိမ်ဖြူတော် ဘဲဥပုံစားပွဲအနီးအနားမှာ ရှိတဲ့ တချို့သော ဗျူရိုကရက်တွေရဲ့ ချောင်ထိုးထား ရင်လဲ ရတယ်ဆိုတဲ့ ဖိုင်တွဲ တခုဆိုရင်လဲ မမှားပါဘူး။ ရေနံမထွက်တဲ့အပြင် တရုပ်အစိုးရနဲ့ ထိပ်တိုက်ရင်ဆိုင်ရမဲ့ ဒီလိုပွဲမျိုးမှာ အမေရိကန်အစိုးရဘက်ကနေ အသေအကျေ ကျားကန် ရပ်ပေးမဲ့ မြန်မာ့နိုင်ငံရေးအုပ်စုတခု အခိုင်အမာ မရှိတာကြောင့်လဲ ဖြစ်နိုင်ပါတယ်။

ခေတ်ကာလ ပြောင်းလဲလာပြီ ဖြစ်သလို၊ မြန်မာ့အတိုက်အခံ တွေဘက်မှာ အခွင့်အလမ်းကောင်းတွေကိုလဲ အများကြီး လက်လွှတ်ခဲ့ရပါတယ်။ လူအင်အား သောင်းချီရောက်လာတဲ့ သဘောဘိုးခေတ်မှာ လက်နက်ကိုင် အင်အားတွေကို ကျကျနန ထူထောင်ပြီး နယ်မြေသိမ်းစစ်ပွဲတွေကို မဆင်နွဲနိုင်ခဲ့တဲ့ တောတွင်းလက်နက်ကိုင် အစုအဖွဲ့ တွေဟာ နအဖရဲ့ နှစ်ပယ်၊ တပယ်ရှင်း၊ အိမ်ကြက်ချင်း အိုးမဲသုတ် ခွပ်ခိုင်းတဲ့ ကစားကွက် အောက်မှာ အခိုင်အမာ စခန်းကြီးတွေကို တခုပြီးတခု လက်လွှတ်ခဲ့ရပါတယ်။ ကျဆုံးသွားတဲ့ ကေအင်ယူဗိုလ်မှူးကြီး ကျော်တုတုတို့ လှုပ်ရှားခဲ့တဲ့ ကာလတုံးကလို စစ်ကြောင်းကြီးတွေ အလိုက် ထိပ်တိုက်ရင်စိန်ခေါ်နိုင်တဲ့ အခြေအနေကနေ နောက်ဆုံး ကျည်ချွေတာရတဲ့ တောတွင်း ပျောက်ကြား ချောင်းပစ်တဲ့ အနေအထားအထိ ရောက်ခဲ့ ပါတယ်။ အစိုးရ အမည်ခံထားတဲ့ အမျိုးသား ညွန့်ပေါင်းအစိုးရရော၊ အခြားအမျိုးသား ကောင်စီလို တပ်ပေါင်းစုတွေကလဲ စစ်အစိုးရကို လက်နက်ကိုင် ထိပ်တိုက်ရင်ဆိုင်ရေး၊ နယ်မြေသိမ်းစစ်ပွဲ ဆင်နွဲရေး၊ အုပ်ချုပ်ရေး အာဏာထူထောင်ရေး၊ အင်အားကောင်းတဲ့ အစိုးရတရပ် အတိုက်အခံတွေဘက်မှာ ပေါ်ထွန်းလာရေးကို ဆယ်စုနှစ် နှစ်ခုအတွင်းမှာ မလုပ်ဆောင်နိုင်ခဲ့ပါဘူး။ လုပ်ဆောင်နိုင်ဘို့လဲ လမ်းကြောင်းရွေးချယ်ခဲ့တာ၊ နိုင်ငံတကာ၊ ပြည်တွင်းနဲ့ နယ်စပ်တွေမှာ အစီအစဉ်ရှိရှိ ထိထိရောက်ရောက် လှုပ်ရှားခဲ့တာ မတွေ့ခဲ့ရပါ ဘူး။

ဒီကြားထဲ၊ ဒီပဲယင်းလို ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၊ အဖွဲ့ဝင်တွေကို နအဖ ခေါင်းမာဂိုဏ်းအုပ်စုတွေက အသေသတ်ဘို့ ကြိုးစားခဲ့တဲ့ကာလ တွေ၊ နအဖထဲက မဟာဗျူဟာမြောက် ထိပ်တန်း နိုင်ငံရေးကစားသမား ထောက်လှမ်းရေး မှူးချုပ် ဒုဗိုလ်ချုပ်ကြီး ခင်ညွန့်နဲ့ သူ့အုပ်စု ကိုယ့်ရှူးကိုယ်ပတ်ပြီး နအဖထဲမှာအချင်းချင်း ပြန်အချေမှုန်း ခံရတာတွေ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ လက်ရင်းလူ ဒုဗိုလ်ချုပ်ကြီး စိုးဝင်း သွေးကင်ဆာနဲ့ သေသွားတာတွေ၊ နအဖကို ဆယ်စုနှစ် နှစ်ခုအတွင်း နိုင်ငံရေးအရ အကြီးမားဆုံး အန်တု ရင်ဆိုင်ခဲ့တဲ့ ရွှေဝါရောင် တော်လှန်ရေးလို ကာလတွေမှာ၊ မြန်မာ အတိုက်အခံတွေဘက်က စစ်အစိုးရ ပြုတ်ကျရေးကို ထိထိရောက်ရောက် မလုပ်နိုင်ခဲ့ပါဘူး၊ နအဖ မျက်ခုံးမွေးကို တံတွေးဆွတ်ပြီး သုတ်နိုင်ခဲ့တဲ့ ခြိမ်းခြောက်မှု တခု အနေအထား ထိလောက်ဘဲ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒီတော့ နှစ်ပေါင်းများစွာ ကြာလာခဲ့ပြီ ဖြစ်တဲ့ လွတ်လပ်ရေး ကြိုးပမ်းလှုပ်ရှားမှု အပြီးဒုတိယအရေးတော်ပုံလို့ ပြောလို့ရတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး၊ တိုင်းရင်းသား အားလုံး တန်းတူညီမျှရေး၊ တရားမျှတသော လွတ်လပ်ပြီး ငြိမ်းချမ်းတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ထူထောင်ရေးဆိုတဲ့ အကြီးမားဆုံး လှုပ်ရှားမှုကြီးမှာ မိတ်ဆွေ၊ ‘မေ’ ဆန္ဒခံယူပွဲ အပြီး အိမ်ပြန်မယ်၊ ဒါမှမဟုတ်၊ (၂၀၁၀) ရွေးကောက်ပွဲပြီးရင် ပြန်လို့ရပြီ ဆိုတဲ့ ခပ်ညံ့ညံ့

အတွေးအခေါ်တွေကို နောက်မှာ ထားခဲ့ပြီး၊ သူ့ပုန်ဆိုရင် သူပုန်အလုပ်ကို ပီပီပြင် ပြင် လုပ်မယ်၊ သူက ပန်းနဲ့ ပေါက်တာမဟုတ်ရင် ကိုယ်ကလဲ လိုအပ်ရင် ရဲဒင်းနဲ့ ခုတ်မယ် ဆိုတဲ့ စိတ်ဓါတ်တွေ မွေးပြီး၊ ကြောက်မွေးပါ ဇာကနာ (လူ့ရှင်တော် ဇာကနာ မဟုတ်ပါ။) နဲ့ နှုတ်၊ လာမဲ့ဘေး ရဲရဲ ပြေးတွေ့တာ အကောင်းဆုံးဘဲ ဆိုတာလို ကိုယ်တတ်နိုင်တဲ့ နေရာ ကနေ၊ ကျရာတာဝန်ကို ရှုပ်ရှုပ်ချွံချွံ ထမ်းဆောင်ဘို့ဘဲ လိုပါတော့တယ်။

ဒီနေရာမှာ ကျနော်တို့ဘက်က ဝန်ကြီးချုပ်လုပ်သူရဲ့ ကျောင်းသားကလဲ ကျောင်းသား အလုပ်လုပ်ပါ၊ လယ်သမားကလဲ လယ်သမား အလုပ်လုပ်ပါ၊ နိုင်ငံရေးသမား (ရွေးကောက်ပွဲ အနိုင်ရအမတ်)တွေကဘဲ နိုင်ငံရေးလုပ်ပဲ့မယ်ဆိုတဲ့ လူတန်းစား ခွဲခြားတဲ့ အပြောမျိုးတွေကို နားမယောင်ဘဲ၊ လိုအပ်ရင် ပြည်တွင်း လှုပ်ရှားမှုတွေကို နည်းမျိုးစုံ၊ ပုံသဏ္ဍာန် အသွင်မျိုးစုံနဲ့လဲ လုပ်မယ်၊ လိုအပ်ရင် သေနတ်ကိုင် စစ်တိုက်သင့်ရင်လဲ တိုက်မယ်၊ လိုအပ်ရင် နိုင်ငံတကာ မျက်နှာစာ၊ လှုပ်ရှားမှုတွေမှာ ပါဝင်သင့်လဲ ပါဝင်မယ်၊ လိုအပ်ရင် စစ်အစိုးရနဲ့ စားပွဲပေါ်မှာ (ကန့်လန့်ကာ နောက်ကွယ်က အပေးအယူ လုပ်တာမျိုးမဟုတ်) တွေ့တွေ့ဆိုင်ဆိုင်၊ စကားပြောဘို့ လိုရင်လဲ ပြောမယ် ဆိုတဲ့ စွယ်စုံရ တော်လှန်ရေးသမား၊ နိုင်ငံရေးသမားတွေ ဖြစ်လာ အောင် ကြိုးပမ်းကြဘို့ လိုအပ်တယ် ဆိုတဲ့ အကြောင်းနဲ့ ဟောင်းအီနေတဲ့ သမရိုးကျ ခပ်ညံ့ညံ့လမ်းကြောင်းတွေကနေ ခွဲထွက်ပြီး မြန်မာပြည်သူလူထုကို ထိထိရောက်ရောက် ကယ်တင် နိုင်တဲ့ လမ်းကြောင်း မှန်ကို ရွေးချယ်နိုင်တဲ့ ခေါင်းဆောင်ကောင်းတွေ အများကြီး လိုအပ် နေတယ်ဆိုတဲ့ အကြောင်းသတိပေး တင်ပြရင်း ကျနော်ရဲ့ ဆောင်းပါးကို ဒီနေရာမှာဘဲ နိဂုံးချုပ် ပါတယ်။

(အကြောင်းအမျိုးမျိုးကြောင့် ကာလ အတန်ကြာကျနော် စာရေး ပျက်ကွက်ခဲ့ရခြင်း အပေါ် ခွင့်လွှတ် ကြပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။ မြန်မာ့အရေး၊ ကမ္ဘာ့အရေးနှင့် သက်ဆိုင်သော ဆောင်းပါးများကို ကျနော် ဆက်လက် ရေးသွားမည် ဖြစ်ပါသည်။)

**"သက်ဦးမောင်"**